မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

March 20 , 2026 Volume 100 , Number 14

၂၀. ၃. .၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၃၀.၁၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၄၂.၆၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၂၀.၂၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၈၈.၈၀ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၅.၁၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၄၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၀.၄၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၃၃.၀၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၃၇ ကျပ် |

## CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

# ယခု ဘဏ္ဍာနှစ်အတွက် ရော်ဘာတင်ပို့မှုမှ ဒေါ်လာ သန်း ၄၀၀ နီးပါးရရှိထား



ယခု ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ်အတွက် ရော်ဘာတင်ပို့မှုမှ ဒေါ်လာ သန်း၄၀၀ နီးပါး ရရှိထားကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း (MRPPA) မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခုဘဏ္ဍာနှစ်တွင် ရော်ဘာတန်ချိန် ၃ သိန်းခွဲကျော် တင်ပို့ရန်လျာထားသော်လည်း လုံခြုံရေးကြောင့် အစေးမထုတ်လုပ်နိုင်မှုများနှင့် ရာသီဥတုကြောင့် အစေးထုတ်လုပ်မှု နောက်ကျခဲ့မှုများကြောင့် ရော်ဘာတန်ချိန် ၃ သိန်းကျော်သာ တင်ပို့နိုင်တော့မည်ဖြစ်ကြောင်းသိရသည်။

" အဓိကကတော့ ရာသီဥတုပဲ။ ထုံးစံကတော့ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ ဒီ၄ လက တအားထွက်တဲ့အချိန်ပေါ့။ ဒီနှစ်မှာ အောက်တိုဘာ၊ နိုဝင်ဘာအထိ မိုးကမပြတ်ဘူး။ မိုးကရွာနေတုန်းဆိုတော့ထုတ်လုပ်လို့မရဘူးဖြစ်သွားတာပေါ့။ နောက်ကျသွား တာပေါ့။ ရာသီဥတုကြောင့်လည်းပါတယ်။ တချို့မြို့နဲ့ဝေးပြီး အတွင်းပိုင်းကျတဲ့ ရော်ဘာခြံတွေဆိုရင်လည်း လုံခြုံရေးကထုတ်လုပ်ဖို့အတွက်က အခြေအနေမပေးတဲ့ အခါကျတော့ရပ်ထားတာတွေလည်းရှိတယ်"ဟုအသင်းမှတာဝန်ရှိသူတစ်ဦးကပြောသည်။

လက်ရှိတွင် ရော်ဘာတန်ချိန် ၂၈,၀၀၀ နီးပါး၊ ပမာဏအားဖြင့် ဒေါ်လာ သန်း ၄၀၀ နီးပါးတင်ပို့ထားပြီးဖြစ်ကာ လာမည့် ဇူလိုင်လအထိ တင်ပို့မည်ဖြစ်ကြောင်းသိရသည်။

" လက်ရှိက ၂ သိန်း ၈ သောင်းပတ်ဝန်း ကျင်တင်ပို့ပြီးပြီ။ ဒေါ်လာ သန်း ၄၀၀ နီးပါး လောက်တော့ရပြီ။ ဇွန်၊ ဇူလိုင်လလောက်အထိတော့ လက်ကျန်ပစ္စည်း တင်ပို့လို့ရသေးတာပေါ့။စုစုပေါင်း ၃သိန်းကျော်လောက်ပဲပို့နိုင်မယ်ထင်တယ်"ဟုပြောသည်။

ရော်ဘာတစ်တန်လျှင် ဒေါ်လာ ၂၁၅၀ နီးပါး ကမ္ဘာ့ပေါက်စျေးရှိသော်လည်း မြန်မာနိုင်ငံမှ ရော်ဘာတင်ပို့မှုများသည် အရည်အသွေးပြည့်မီရန် လိုအပ်ချက်များရှိနေသည့်အတွက် ဒေါ်လာ ၁၇၀၀မှ ၁၉၀၀ခန့်သာရရှိနေသေးကြောင်း သိရသည်။

" လက်ရှိ RSS-3 ကတော့အောက်ခြေမှာ တစ်ပေါင်ကို ၃၁၀၀ကျပ်လောက်တော့ရှိတယ်။ နိုင်ငံခြားပို့ရင်တော့ အရည်အသွေးပေါ်မူတည်ပြီးတော့တစ်တန်ကို ဒေါ်လာ ၁၇၀၀ ကနေ ၁၉၀၀ အထိရှိတယ်။ကမ္ဘာ့ပေါက်စျေးကတော့RSS-3 ကို ဒေါ်လာ ၂၁၅၀ ရှိတယ်"ဟုပြောသည်။

ရော်ဘာသည် ပြည်တွင်း၌ မွန်ပြည်နယ်တွင် အများဆုံးထွက်ရှိပြီးဒုတိယအနေဖြင့်တနင်္သာရီတိုင်းဒေသကြီး၊ တတိယ အနေဖြင့် ကရင်ပြည်နယ်တို့မှထွက်ရှိသည့်အပြင် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များမှာလည်း စိုက်ပျိုးလျက်ရှိရာ ရော်ဘာတင်ပို့သည့်နိုင်ငံများအနေဖြင့် တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့နေပြီး စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ကိုရီးယားနှင့် ဂျပန် စသည့်နိုင်ငံများသို့လည်း တင်ပို့လျက်ရှိကြောင်းသိရသည်။

**Source :** https://www.npnewsmm.com/

## ဆီစက်ပိုင်ရှင်များအသင်း သင်္ကြန်အကြိုစျေးရောင်းပွဲတော် ကျင်းပမည်




မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းရဲ့ စီစဉ်ကြီးကြပ်မှုနဲ့ သင်္ကြန်အကြိုစျေးရောင်းပွဲတော်ကို ရန်ကုန်မြို့မှာ နှစ်နေရာခွဲပြီး ကျင်းပသွားမယ်လို့ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းကနေ သိရပါတယ်။

အဲဒီစျေးရောင်းပွဲတော်မှာ ပြည်တွင်းထုတ် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ပဲပုပ်ဆီတို့ကို ရောင်းချပေးသွားမှာဖြစ်ပြီး လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်စက်မှုအသင်းချုပ်(UMFCCI)ရုံးရှေ့နဲ့ ရန်ကင်းမြို့နယ်၊ ရန်ရှင်းလမ်း၊ ရန်ကင်းစျေးမှတ်တိုင်အနီး ရွှေအုန်းပင်အိမ်ရာရှေ့တို့မှာ မနက် ၉ နာရီကနေ ညနေ ၅ နာရီ အထိ ရောင်းချပေးသွားမှာ ဖြစ်ပါတယ်။

စျေးရောင်းပွဲတော်မှာ (ဘူးခွံအပါအဝင်) မြေပဲဆီတစ်ပိဿာကို ၁၈,၅၀၀ ကျပ်နှုန်းနဲ့ လွတ်လပ်စွာ ရောင်းချပေးမှာဖြစ်ပြီး အသင့်ထည့်သွင်းထုပ်ပိုးထားတဲ့ ၂၅ ကျပ်သားပါဆီဘူးကနေ ၁၀ ပိဿာဝင်ဘူးတွေအထိ အရွယ်အစားစုံ ဆီဘူးတွေ ပါဝင်တယ်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းအနေနဲ့ စားသုံးသူတွေသက်သာချောင်ချိရေးကိုရှေးရှုပြီး တစ်နှစ်ကိုသုံးကြိမ် စျေးရောင်းပွဲတော် ကျင်းပကာ ရောင်းချပေးနေတယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## ပဲကြီးစျေးနှုန်းမြင့်တက်လာ

မန္တလေးကုန်စည်ဒိုင်၌မတ်လတတိယပတ်တွင်အရည်အသွေးကောင်းသည့် ပဲကြီးအသစ်များဝင်ရောက်နေပြီး ပဲကြော်ပဲလှော်လုပ်ငန်းရှင်များနှင့်လှောင်လက်များပုံမှန်ဝယ်ယူမှုရှိနေခြင်းကြောင့်စျေးနှုန်းမြင့်တက်လာကြောင်းသိရသည်။

ပဲကြီး ၅၅ ဒသမ၂၅ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၄၉၀,၀၀၀ မှ ၅၂၀,၀၀၀၊ ယခင်တစ်ပတ်ကျပ် ၄၄၀,၀၀၀ မှ ၄၅၀,၀၀၀၊ ယခင်လကျပ် ၃၈၀,၀၀၀ မှ ၃၉၀,၀၀၀ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀,၀၀၀ မှ ၇၀,၀၀၀၊ ယခင်တစ်ပတ်ထက် ကျပ် ၁၁၀,၀၀၀ မှ ၁၃၀,၀၀၀ ခန့်စျေးနှုန်း မြင့်တက်လာသည်။

ပဲကြီး(လတ်) ၅၅ ဒသမ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၄၆၀,၀၀၀ မှ ၄၈၀,၀၀၀၊ ယခင်တစ်ပတ်ကျပ် ၃၉၀,၀၀၀ မှ ၄၂၀,၀၀၀၊ ယခင်လကျပ် ၃၅၀,၀၀၀ မှ ၃၆၀,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၆၀,၀၀၀မှ ၇၀,၀၀၀၊ ယခင်လထက် ကျပ် ၁၁၀,၀၀၀ မှ ၁၂၀,၀၀၀ ခန့် ဈေးနှုန်း မြင့်တက်လာသည်။

ပဲကြီး(သေး) ၅၅ ဒသမ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၄၀၀,၀၀၀ မှ ၄၂၀,၀၀၀၊ ယခင်တစ်ပတ်ကျပ် ၃၅၀,၀၀၀မှ ၃၆၀,၀၀၀၊ ယခင်လ ကျပ် ၂၉၀,၀၀၀မှ ၃၀၀,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀,၀၀၀မှ ၆၀,၀၀၀၊ ယခင်လထက် ကျပ် ၁၁၀,၀၀၀မှ ၁၂၀,၀၀၀ ခန့် ဈေးနှုန်းမြင့်တက်လာသည်။

Source : https://myantrade.gov.mm/

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၆၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ



စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ် ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့်ဝယ်ယူစားသုံးနိုင်စေရန်နှင့်ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်း သိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီ တင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့မှ ၂၆ ရက်နေ့အထိရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၆၀၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တို့တွင် ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**Source : https://www.doca.gov.mm/**

## မတ်လအတွင်းပြည်တွင်းကြက်သွန်နီဈေးအတက်အကျမြန်နေ



မတ်လအတွင်း ပြည်တွင်းဈေးကွက်တွင် ကြက်သွန်နီဈေးက အပြောင်းအလဲ၊ အတက်အကျများဖြင့်လှုပ်ခတ်မှုများနေကြောင်းသိရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က ရန်ကုန်ဈေးကွက်တွင် ဝယ်အားတရှိန်ထိုးတက်လာခြင်းကြောင့် ကြက်သွန်နီဈေးဆက်တိုက်မြင့်တက်ခဲ့သော်လည်း ယခုရက်သတ္တပတ်တွင်ဈေးပြန်ပြုတ်ကျလာသည်။

လွန်ခဲ့သော ရက်သတ္တပတ် ကြက်သွန်နီဈေး မြင့်တက်မှုကြောင့် ယခုရက်သတ္တပတ် ဈေးကွက်စဖွင့်သည့် ပထမရက်များတွင် ရန်ကုန်သို့ ကြက်သွန်အဝင် ကုန်ချိန်ပိဿာ ၃၄၀,၀၀၀ ကျော်၊ ဒုတိယရက်တွင်

ကုန်ချိန်ပိဿာ ၂၂၀,၀၀၀ ကျော်ဝင်ပြီး ကျန်ရက်များတွင် တစ်ရက်ကုန်ချိန်ပိဿာ ၁၅၀,၀၀၀ ဝန်းကျင်သာ အဝင်ရှိနေသည်။

ရန်ကုန်စျေးကွက်သို့ ကြက်သွန်အဝင် ကုန်ချိန်များသည့် ရက်များတွင် ကြက်သွန်နီ လက်ကား စျေးက ဆိတ်ဖြူ (ရှယ်) တစ်ပိဿာ ကျပ် ၁၄၀၀၀၊ မြစ်သား (ရှယ်) တစ်ပိဿာ ကျပ် ၁၈၀၀၀ စျေးဖွင့်သည်။

ကြက်သွန်အဝင် ပုံမှန်သာရှိချိန်တွင် ရန်ကုန်စျေးကွက်၌ လက်ကား ကြက်သွန်နီစျေးက ဆိတ်ဖြူ (ရှယ်) တစ်ပိဿာ ကျပ် ၁၆၀၀၀၊ မြစ်သား (ရှယ်) တစ်ပိဿာ ကျပ် ၂၀၀၀၀၊ မြင်းခြံ (ရှယ်) တစ်ပိဿာ ကျပ် ၁၅၀၀၀၊ မုံရွာ (ရှယ်) တစ်ပိဿာ ကျပ် ၁၈၀၀၀ စျေးဖွင့်သည်။

ယခုရက်သတ္တပတ် ရန်ကုန်စျေးကွက်တွင် ကြက်သွန်နီ ပြည်တွင်းစျေး အတက်၊ အကျများဖြင့် တည်ငြိမ်မှုမရှိသော်လည်း ပြည်ပကြက်သွန်နီစျေးငြိမ်နေသည်။

ပြည်ပရောင်းချသည့် ကြက်သွန်နီ FOB စျေးသည် အမျိုးအစား၊ အရည်အသွေးအလိုက် မြစ်သား 2026 crop တစ်တန် ဒေါ်လာ ၃၇၅ မှ ၄၂၀ ကြား စျေးဖွင့်ပြီး နယ်စုံ ကြက်သွန်နီ 2026 crop တစ်တန် ဒေါ်လာ ၂၄၅ မှ ၃၄၅ အကြား စျေးဖွင့်ကြောင်းသိရသည်။

**Source :** https://www.npnewsmm.com/

## စီးပွားရေးသံမှူးများအနေဖြင့် ပို့ကုန်စျေးကွက်သစ်များရှာဖွေသွားရန် ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mrs. Suphajee Suthumpun က လမ်းညွှန်မှာကြားခဲ့

အလားအလာရှိသော စျေးကွက်အသစ်များကို စူးစမ်းလေ့လာရန်အပြင် ကမ္ဘာ့စျေးကွက်တွင် စိုက်ပျိုးရေးထွက်ကုန်များနှင့် အခြားအလားအလာရှိသော ဝန်ဆောင်မှုများကို တက်ကြွစွာမြှင့်တင်ဖြန့်ဖြူးရန် စီးပွားရေးသံမှူးများအား ထိုင်းနိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mrs. Suphajee Suthumpun က လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ပတ်ဝန်းကျင်တွင် အလွန်အမင်းမတည်မငြိမ်ဖြစ်ပေါ်နေပြီး မိမိတို့ဝန်ကြီးဌာနသည် ပြောင်းလဲနေသော စိန်ခေါ်မှုများကို ပိုမိုကောင်းမွန်စွာရင်ဆိုင်နိုင်ရန် အမြင်၊ နားလည်မှု၊ ရှင်းလင်းပြတ်သားမှုနှင့် လျင်မြန်ဖျတ်လတ်မှုတို့ကို အာရုံစိုက်ခြင်းဖြင့် မဟာဗျူဟာကိုချိန်ညှိနေကြောင်း၊ ဤမဟာဗျူဟာကို ကျယ်ပြန့်သော မဟာဗျူဟာမြောက် ရည်မှန်းချက်များ ချမှတ်ခြင်း၊ သေးငယ်သော လုပ်ဆောင်ချက်များမှစတင်၍ ပြဿနာများကို တစ်ဆင့်ပြီးတစ်ဆင့်ဖြေရှင်းခြင်းနှင့် ပြောင်းလဲနေသော အခြေအနေများနှင့်ကိုက်ညီစွာ လျင်မြန်စွာနှင့်သင့်လျော်စွာလိုက်လျောညီထွေ ဖြစ်အောင် လုပ်ဆောင်ခြင်းတို့ကို အလေးပေးသည့် TAM (Think Big, Act Small, Move Right)မော်ဒယ်ဖြင့် လမ်းညွှန်သွားမည်ဖြစ်ကြောင်း၊ ပြည်ပရုံးခွဲများရှိ စီးပွားရေးသံမှူးများအနေဖြင့် အဓိကကုန်သွယ်ဖက်များအပေါ် အလွန်အကျွံမှီခိုမှုအန္တရာယ်ကိုလျှော့ချရန် လက်ရှိစျေးကွက်များကိုထိန်းသိမ်းခြင်းအပြင် စျေးကွက်အမျိုးမျိုးခွဲဝေခြင်းဖြင့် စျေးကွက်အသစ်များဆီသို့ တိုးချဲ့ခြင်းတို့ကို အာရုံစိုက်ကာ ကြိုတင်ကာကွယ်မှုများပြုလုပ်ရန်ဖြစ်ကြောင်း၊ ချဲ့ထွင်ရန်ပစ်မှတ်ထားသော စျေးကွက်များမှာ အာရှနှင့် ဥရောပတို့တွင်ဖြစ်ကြောင်း ဝန်ကြီးက ဖြည့်စွက်ပြောကြားခဲ့သည်။

အိန္ဒိယနှင့် တောင်အာရှအတွက် အဓိကထားလုပ်ဆောင်သည်မှာ အစားအသောက်ထုတ်ကုန်များ၊ စက်မှုကုန်ကြမ်းများနှင့် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သောဆောက်လုပ်ရေးပစ္စည်းများအပါအဝင် ဝန်ဆောင်မှုလုပ်ငန်းများဖြစ်ကြောင်း၊ အလယ်လတ်တန်းစားနှင့် ဝယ်ယူနိုင်စွမ်း အလျင်အမြန်တိုးတက်လာသည့် ဒုတိယအဆင့်မြို့များကို အာရုံစိုက်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံတွင် ထိုင်းလယ်ယာထွက်ကုန်များ၊ အစားအသောက်နှင့် လူနေမှုပုံစံသည့် ကုန်ပစ္စည်းများကို တိုးချဲ့မြှင့်တင်လိုပြီး တစ်ချိန်တည်းမှာပင် ထိုင်း၏စိုက်ပျိုးရေးထွက်ကုန်များ၊ အစားအသောက်နှင့် လူနေမှုပုံစံ စသည့်ကုန်ပစ္စည်းများကို မြှင့်တင်လိုကြောင်း၊ အနောက်ပိုင်းနှင့်ကုန်းတွင်းဒေသများတွင် စျေးကွက်ဝင်ရောက်ခွင့်ကိုတိုးချဲ့လိုပြီး အွန်လိုင်းပလက်ဖောင်းများနှင့်

အဓိကခေါင်းဆောင်များကိုလည်း ဈေးကွက်ရှာဖွေရေးလမ်းကြောင်းများအဖြစ် အသုံးပြုသွားမည်ဖြစ်ကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

အရှေ့အလယ်ပိုင်းတွင် မြင့်တက်လာသော ဒေသတွင်းတင်းမာမှုများကို စောင့်ကြည့်နေစဉ်တွင် ထောက်ပံ့ရေးကွင်းဆက် စဉ်ဆက်မပြတ်တည်တံ့စေရန် အခြားထောက်ပံ့ပို့ဆောင်ရေးလမ်းကြောင်းများကို ဖော်ထုတ်သွားမည်ဖြစ်ကြောင်း၊ထို့ပြင် ထိုင်းနှင့် ဂျပန်တို့သည် ၂၀၂၇ ခုနှစ်တွင် သံတမန်ဆက်ဆံရေးနှစ် ၁၄၀ ပြည့်အထိမ်းအမှတ်ကို ကျင်းပရန်စီစဉ်ထားပြီး ၎င်းတို့၏ မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးကို ပိုမိုခိုင်မာစေရန် အခွင့်အရေးတစ်ခုပေးအပ်သွားမည်ဖြစ်ကြောင်း၊ ဥရောပတွင် ယခုနှစ်သည် ထိုင်းနှင့်ပြင်သစ်နိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးနှစ် ၁၇၀ ပြည့်အထိမ်းအမှတ်ဖြစ်ပြီး ဥရောပဈေးကွက်တစ်လျှောက် ထိုင်းထုတ်ကုန်များနှင့် ယဉ်ကျေးမှုကိုမြှင့်တင်ရန်အခွင့်အလမ်းအသစ်များဖွင့်လှစ်ပေးလိမ့်မည်ဟု မျှော်လင့်ရကြောင်း ၊ လာမည့်ရိတ်သိမ်းရာသီမတိုင်မီ ထိုင်းလယ်ယာထွက်ကုန်များနှင့် သစ်သီးဝလံများကို ပြည်ပတွင်မြှင့်တင်နိုင်ရေး ကြိုးပမ်းမှုများကို အရှိန်မြှင့်တင်ရန် စီးပွားရေးသံမှူးများအား တောင်းဆိုလိုပါကြောင်း၊ ဝန်ကြီးဌာနသည် ကမ္ဘာ့ဈေးကွက်တွင် ဝင်ငွေရှာဖွေရန် အလားအလာကောင်းများရှိသော ဒစ်ဂျစ်တယ်အကြောင်းအရာ၊ ဂိမ်း၊ ရုပ်ရှင်၊ ဆေးဖက်ဝင်လ၊ ထိုင်းစားသောက်ဆိုင်များနှင့် ကျန်းမာရေးနှင့် ကျန်းမာကြံ့ခိုင်ရေးလုပ်ငန်းများအပါအဝင် ထိုင်းနိုင်ငံ၏ ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း မြှင့်တင်ပေးနေပါ ကြောင်း၊ အလျင်အမြန်ပြောင်းလဲနေသော ကမ္ဘာကြီးကို မြန်မြန်ဆန်ဆန်လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်ပြီး ဈေးကွက်အသစ်များ တိုးချဲ့ရန် ထိုင်းထုတ်ကုန်များ၏တန်ဖိုးကို မြှင့်တင်ရန်နှင့် ထိုင်းစွန့်ဦးတီထွင် လုပ်ငန်းရှင်များအား ကမ္ဘာ့ဈေးကွက်တွင် ထိရောက်စွာယှဉ်ပြိုင်နိုင်စေရန် ပံ့ပိုးပေးနိုင်ရေးအတွက် ပိုမိုတက်ကြွစွာလုပ်ဆောင်ရမည်ဖြစ်ကြောင်း ဝန်ကြီး Mrs. Suphajee Suthumpun က လမ်းညွှန်မှာကြားခဲ့သည်။

**Source: www.bangkokpost.com၊**

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

## STOCK EXCHANGE (20.3.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 10th Mar. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 13,419 (Shares) | 58,034,650 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +1,000 | +9.52% | 11,000 | 11,500 | 11,000 | 842 | 9,540,000 | 33,109,694 | 380,762 |
| MTSH | 00002 | 6,300 | +300 | +5.00% | 6,000 | 6,300 | 6,000 | 1,806 | 11,157,000 | 38,929,150 | 245,254 |
| MCB | 00003 | 8,600 | +100 | +1.18% | 8,400 | 8,600 | 8,400 | 527 | 4,526,700 | 10,400,986 | 89,449 |
| FPB | 00004 | 3,500 | +50 | +1.45% | 3,450 | 3,500 | 3,450 | 7,525 | 26,335,200 | 29,664,613 | 103,826 |
| TMH | 00005 | 3,350 | +200 | +6.35% | 3,200 | 3,350 | 3,100 | 50 | 158,750 | 12,823,224 | 42,958 |
| EFR | 00006 | 1,700 | +50 | +3.03% | 1,650 | 1,700 | 1,650 | 1,664 | 2,753,800 | 19,977,223 | 33,961 |
| AMATA | 00007 | 4,100 | +100 | +2.50% | 4,000 | 4,100 | 4,000 | 109 | 441,000 | 10,497,598 | 43,040 |
| MAEX | 00008 | 3,500 | +50 | +1.45% | 3,400 | 3,500 | 3,400 | 896 | 3,122,200 | 23,804,946 | 83,317 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 10th Mar. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 542.14 | +28.17 | +5.48% | 521.91 | 542.14 | 521.91 | 13,419 | 58,034,650 | 8 | 1,022,567 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 10th Mar. 2026

| Trading Volume | Trading Value |
|---|---|
| 17,045 (Shares) | 68,833,300 (MMK) |

### Main Board

As of 1:00 pm, 10th Mar. 2026

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 13,419 (Shares) | 58,034,650 (MMK) |

| MYANPIX | 542.14 ▲ 28.17 |
|---|---|
| Total Volume (shares) | 13,419 |
| Total Value (MMK) | 58 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,022,567 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 1,000 |
| MTSH | 00002 | 6,300 | ▲ 300 |
| MCB | 00003 | 8,600 | ▲ 100 |
| FPB | 00004 | 3,500 | ▲ 50 |
| TMH | 00005 | 3,350 | ▲ 200 |
| EFR | 00006 | 1,700 | ▲ 50 |
| AMATA | 00007 | 4,100 | ▲ 100 |
| MAEX | 00008 | 3,500 | ▲ 50 |